# ဘင်္ဂလားပင်လယ်အော်ဂေဟစနစ်ကြီးစီမံကိန်း
# နယ်နိမိတ်ဖြတ်ကျော်ဖြစ်ပွားသော (ငါးသယံဇာတနှင့်ပတ်ဝန်းကျင်ရေးရာ) ပြဿနာရပ်များအားခွဲခြမ်းစိတ်ဖြာခြင်း။
## အကျဉ်းချုပ်

**နောက်ခံသမိုင်းကြောင်း။**

၂၀၀၉၊ ခုနှစ်၊ ဧပြီလတွင် ကျင်းပပြုလုပ်ခဲ့သော ဘင်္ဂလားပင်လယ်အော်ဂေဟစနစ်ကြီး အလုပ်ရုံဆွေးနွေးပွဲမှ အစပြုပြီး စတင်ပေါ်ပေါက်လာခဲ့ပါသည်။

စီမံကိန်းကြီး၏ ပထမ (၅) နှစ်စီမံချက်လုပ်ငန်းများအကောင်အထည်ဖော်ဆောင်ရွက်မှုများတွင် အင်ဒိုနီးရှားနိုင်ငံ၊ မလေးရှားနိုင်ငံ၊ ထိုင်းနိုင်ငံ၊ မြန်မာနိုင်ငံ၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ အိန္ဒိယနိုင်ငံ၊ သီရိလင်္ကာနိုင်ငံ နှင့် မော်လဒိုက်နိုင်ငံတို့မှပါဝင်ပြီး ကမ်းရိုးတန်းဒေသနေပြည်သူလူထုတို့ကို အခြေပြုပြီး ဒေသကြီးအတွင်း ပတ်ဝန်းကျင်နှင့် ငါးလုပ်ငန်းကိစ္စများကို သေချာ ခိုင်မာသော စီမံအုပ်ချုပ်မှုတစ်ရပ်ကို ထူထောင်သွားရန်ဖြစ်ပါသည်။

ဘင်္ဂလားပင်လယ်အော်ဒေသအဖွဲ့ဝင် နိုင်ငံများအတွင်း လူဦးရေစုစုပေါင်းသည် (၁.၇၈) ဘီလီယံ ရှိပြီး ယင်းလူဦးရေမှာ ကမ္ဘာ့လူဦးရေ၏ ၂၅ ရာခိုင်နှုန်းရှိကြောင်းလည်းသိရပါသည်။ ကမ်းရိုးတန်းဒေသများတွင်နေထိုင်ကြသော လူဦးရေစုစုပေါင်းမှာ သန်းပေါင်း ၄၅၀ ရှိပါသည်။ ဒေသကြီးအတွင်းမှာ သဘာဝသယံဇာတများပေါများကြွယ်ဝပြီး ယင်းတို့အထဲတွင် ဓါတ်သတ္တုများ၊ စွမ်းအင်အရင်းအမြစ်များ၊ ပင်လယ်သယံဇာတများဖြစ်ကြသော အဓိကငါးဖမ်းလုပ်ငန်းများ၊ သစ်တောကြီးများနှင့် ကုန်းတွင်းပိုင်းရှိ သယံဇာတများပါဝင်ကြပါသည်။ လက်ရှိငါးဖမ်းဆီးထုတ်လုပ်နေသော ထုတ်လုပ်မှုပမာဏမှာ နှစ်စဉ် တန်ချိန်ပေါင်း (၆) သန်းရှိပြီး ကမ္ဘာ့ငါးထုတ်လုပ်မှု၏ စုစုပေါင်း (၁၆) ရာခိုင်နှုန်းရှိကြောင်းလည်း တွေ့ရှိရပါသည်။

ဘင်္ဂလားပင်လယ်အော်ဂေဟစနစ်ကြီးစီမံကိန်းကြီးတွင် ကြီးမားကျယ်ပြန့်သည့် ငါးနေငါးထိုင်ဒေသများဖြစ်ကြသည့် ရှည်လျားသော ဒီရေတောများ (ကမ္ဘာ့ပေါ်ရှိဒီရေတောများ၏ ၁၂ ရာခိုင်နှုန်း) သန္တာကျောက်တန်းများ (ကမ္ဘာပေါ်ရှိ သန္တာကျောက်တန်းများ၏ ၁၂ ရာခိုင်နှုန်း)နှင့် ပင်လယ်မြက်ခင်းပြင်များလည်း တည်ရှိကြပါသည်။ အဆိုပါဒေသကြီးအတွင်း ဇီဝမျိုးစုံမျိုးကွဲများလည်းတည်ရှိပြီး မျိုးသုဉ်းမည့် ဘေးအန္တရာယ်သို့ ကျရောက်နေသော ရေနေသတ္တဝါများ၊ ထိခိုက်ပျက်စီးလွယ်သောသတ္တဝါများလည်းတည်ရှိနေကြပါသည်။ ဘင်္ဂလားပင်လယ်အော်ဂေဟစနစ်ကြီး၏ သဘာဝသယံဇာတများသည် ပတ်ဝန်းကျင်နိုင်ငံများအတွက် လူမှုရေး၊ စီးပွားရေး ကဏ္ဍများတွင် အရေးပါကြောင်းကိုလည်း တွေ့ရှိရပါသည်၊ ငါးဖမ်းဆီးခြင်းလုပ်ငန်း၊ ပင်လယ်ပြင်အတွင်း မွေးမြူခြင်းလုပ်ငန်း၊ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း၊ ပင်လယ်ရေကြောင်းပို့ဆောင်ခြင်းလုပ်ငန်းများကြောင့် ဒေသကြီးအတွင်း အစားအစာဖူလုံစေခြင်း၊ အလုပ်အကိုင်အခွင့်အလမ်းများ ပေါ်ထွန်းလာစေခြင်းနှင့် နိုင်ငံများအတွင်းစီးပွားရေးလုပ်ငန်းများတွင် ဖွံ့ဖြိုးတိုးတက်မှုများကို ဖြစ်ပေါ်စေကြောင်းလည်း တွေ့ရှိရပါသည်။

ကမ္ဘာပေါ်ရှိ လူဦးရေ၏ ၅၀ ရာခိုင်နှုန်းထက် ပိုမိုသောဆင်းရဲနွမ်းပါးသည့် လူတန်းစားများသည် ဘင်္ဂလားပင်လယ်အော်အဖွဲ့ဝင် နိုင်ငံများအတွင်း နေထိုင်လျှက်ရှိကြပါသည်။ ပင်လယ်ပြင်သယံဇာတများမှာ အဆိုပါသန်းပေါင်းများစွာသော ပြည်သူလူထု၏ စားဝတ်နေရေးကိစ္စရပ်များအတွက် အဓိကကျသော အစားအစာကဏ္ဍနေရာမှ တည်ရှိလျှက်ရှိပါသည်။ ဒေသကြီးအတွင်း ငါးဖမ်းလှေ(စက်တပ်လှေနှင့် စက်မပါသောလှေ) စုစုပေါင်းအစီးရေ (၄၀၀၀၀၀) သည် ဒေသကြီးအတွင်း၌ ငါးဖမ်းဆီးလျှက်ရှိနေကြပြီး ယင်းငါးဖမ်းလုပ်ငန်းများအတွင်း ရေလုပ်သား စုစုပေါင်း ၄.၅ သန်း ပါဝင်ပြီးလုပ်ငန်းများ ဆောင်ရွက်လျှက်ရှိနေပါသည်။

ဒေသကြီးအတွင်း လူဦးရေအလျှင်အမြန် တိုးပွားလာနေသလို အဆိုပါလူဦးရေများမှ ပင်လယ်ပြင်သယံဇာတများအပေါ် အလွန်အမင်းမှီခိုနေထိုင်လျှက်ရှိနေကြပြီး အစားအစာ၊ ကူးသန်းရောင်းဝယ်ရေး၊ လူနေမှုဘဝနှင့် မြေအသုံးချမှု လုပ်ငန်းများကို ချဲ့ထွင်နေမှုများကြောင့် ဂေဟစနစ်ကြီးအတွက် အဓိကခြိမ်းခြောက်နေသော ပြဿနာရပ်များဖြစ်ပေါ်နေကြောင်းတွေ့ရှိရပါသည်၊ ဖော်ထုတ်တွေ့ရှိချက်များအရ ဘင်္ဂလားပင်လယ်အော်ဒေသကြီးမှာ အချိန်မည်မျှကြာသည်အထိ ကဏ္ဍပေါင်းများစွာ၏ လိုအပ်ချက်များအား ပတ်ဝန်းကျင်နှင့် သယံဇာတများမှ ဖြည့်ဆည်းပေးနိုင်မည်ကို မမျှော်မှန်းမသိရှိနိုင်သလို အထူးသဖြင့် ကမ်းရိုးတန်းဒေသတွင်နေထိုင်လျှက်ရှိကြသော ဆင်းရဲချို့တဲ့သည့် ပြည်သူလူထုတို့မှ ယင်းသယံဇာတများအပေါ်မှီခို ပြီး ဘဝရပ်တည်လျှက် တည်ရှိနေပါသည်။

## နယ်နိမိတ်ဖြတ်ကျော်ဖြစ်ပွားသောပြဿနာရပ်များအားခွဲခြမ်းစိတ်ဖြာခြင်း။

**ဘင်္ဂလားပင်လယ်အော်ဂေဟစနစ်ကြီးစီမံကိန်းကြီး၏ နယ်နိမိတ်ဖြတ်ကျော်ဖြစ်ပွားသောပြဿနာရပ်များ အား ခွဲခြမ်းစိတ်ဖြာခြင်းသည် စီမံကိန်းလုပ်ငန်းများ (၇)နှစ်အကြာဆောင်ရွက်ပြီးမှ ထွက်ပေါ်လာခြင်းဖြစ်ပါသည်။**

နယ်နိမိတ်ဖြတ်ကျော်ဖြစ်ပွားသော ပြဿနာရပ်များအား ခွဲခြမ်းစိတ်ဖြာခြင်းကိစ္စရပ်များကို သတ်မှတ်ဖော်ပြရာတွင် (များပြားလှသော သဘာဝပတ်ဝန်းကျင်နှင့် လူမှုရေး၊ စီးပွားရေးဆိုင်ရာကိစ္စရပ်များကို ထိခိုက်မှုဖြစ်စေသည့် နယ်နိမိတ်ကိုများဖြတ်ကျော်၍ ရေနှင့်ပတ်သက်ပြီး အဆင့်အတန်းအမျိုးမျိုးတွင် ဖြစ်ပေါ်နေသည့် များပြားလှသော သဘာဝပတ်ဝန်းကျင်ရေးရာပြဿနာရပ်များနှင့် ယင်းကိစ္စရပ်များကို ဖြစ်ပေါ်စေသော အကြောင်းအချက်များပင် ဖြစ်ပါသည်။) ဘင်္ဂလားပင်လယ်အော်ဂေဟစနစ်ကြီး စီမံကိန်းကြီး၏ နယ်နိမိတ်ဖြတ်ကျော်ဖြစ်ပွားသော ပြဿနာရပ်များအား ခွဲခြမ်းစိတ်ဖြာခြင်းသည် စီမံကိန်းလုပ်ငန်းများအား (၇)နှစ်အကြာ ဆောင်ရွက်ပြီးမှ ထွက်ပေါ်လာခြင်းဖြစ်ပါသည်။ များစွာသောလေ့လာမှုများနှင့်အတူ နိုင်ငံအတွင်း၊ ဒေသကြီးအတွင်း၌ လုပ်ငန်းနှင့်ဆက်စပ်နေသူများအား အကြိမ်ကြိမ်ညှိနှိုင်းတိုင်ပင်ဆွေးနွေးခြင်းမှ ထွက်ပေါ်လာခြင်းလည်းဖြစ်ပါသည်။ TDA မှ သတ်မှတ်ပုံစံများဖြင့် ဦးတည်ရည်ရွယ်ထားသော ပြဿနာရပ်များနှင့် ယင်းတို့ကို ဖြစ်ပေါ်စေသော အကြောင်းအချက်များကို သိပ္ပံနည်းကိုအခြေခံပြီး နိုင်ငံအတွင်းနှင့် ဒေသကြီးအတွင်းပူးပေါင်းညှိနှိုင်းဆောင်ရွက်ခြင်းဖြင့် (SAP) Strategic Action Programme နည်းဗျူဟာအစီအစဉ်ကို ဖွံ့ဖြိုးတိုးတက်မှုရှိစေရန် အကူအညီပေးမည်ဖြစ်ပါသည်။

**TDA မှ အဓိက ဧရိယာကြီး (၃)ခုနှင့် သက်ဆိုင်မှုရှိသည်ကို သတ်မှတ်ဖော်ပြထားပါသည်၊ ယင်းတို့မှာ–**

၁။ ပင်လယ်ပြင်ရှိသယံဇာတများဖမ်းဆီးထုတ်လုပ်မှုလွန်ကဲခြင်း။
၂။ ဒီရေရောက်တောများ၊ သန္တာကျောက်တန်းများနှင့် ပင်လယ်မြက်ခင်းပြင်များ ယိုယွင်းပျက်စီးခြင်း။
၃။ ပတ်ဝန်းကျင်ညစ်ငြမ်းမှုဖြစ်ပွားခြင်း။

အထက်ဖော်ပြပါ လုပ်ငန်းခွင်ဧရိယာကြီး(၃)ခုကို ထိခိုက်မှုဖြစ်စေသော အကြောင်းအချက်များအား ခွဲခြားစိတ်ဖြာမှုပြုလုပ်ရာ တွင် ဦးစားပေးရမည့် အချက်အလက်များနှင့် ယင်း၏အောက်၌တည်ရှိနေသော အကြောင်းအချက်များအလိုက် တစ်ခုခြင်းစီကို သုံးသပ်ပိုင်းခြား ပြုလုပ်ကြည့်ရာ အောက်ဖော်ပြပါ ရလာဒ်များကို တွေ့ရှိရပါသည်။ TDA ၏ အကျဉ်းချုပ်များကို ဖော်ပြပါ ဘောင်ထဲတွင် ဖော်ပြထားပါသည်။

အထူးသတိပြုရန်လိုအပ်သောအချက်မှာ အချို့အရေးကြီးသောနိုင်ငံအတွင်း ပြဿနာရပ်များကို TDA ဆိုင်ရာ လုပ်ငန်းခွင်ထဲ မပါဝင်လာစေရန် ဖြစ်ပါသည်။ နယ်နိမိတ်ဖြတ်ကျော်ဖြစ်ပွားသော ပြဿနာရပ်များ၏ ခွဲခြားစိတ်ဖြာမှုမှာ အဖွဲ့ဝင်နိုင်ငံများ၏ နယ်နိမိတ်ကို ဖြတ်ကျော်ဖြစ်ပွားသော ပတ်ဝန်းကျင်ဆိုင်ရာ ထိခိုက်မှုဖြစ်ပေါ်စေသည့် သီးခြားပြဿနာရပ်များဖြစ်ပါသည်။ (သို့မဟုတ်) အဆိုပါ ပြဿနာများမှတဆင့် ကမ္ဘာ့ပတ်ဝန်းကျင်ဆိုင်ရာပြဿနာများကို ဖြစ်ပေါ်စေနိုင်သော်လည်း ဒေသအတွင်း ဆုံးဖြတ်ဖြေရှင်း ဆောင်ရွက်နိုင်ပါက ကမ္ဘာ့ပတ်ဝန်းကျင်ဆိုင်ရာအကျိုးအမြတ်ကို ဖြစ်ပေါ်လာစေမည်ဖြစ်ပါသည်။

TDA ၏လုပ်ငန်းစဉ်များကို သုံးသပ်ကြည့်ရှုရာတွင် လူမှုရေးစီးပွားရေးစွမ်းအားများ အဖွဲ့အစည်းများဆိုင်ရာ စွမ်းအားများ တရားဥပဒေဆိုင်ရာ စွမ်းအားများ စီမံအုပ်ချုပ်မှုစွမ်းအားများနှင့် ရာသီဥတုပြောင်းလဲခြင်းကို ဖြစ်ပေါ်စေသော စွမ်းအားများကိုဖေါ်ထုတ်တွေ့ရှိရပြီး ယင်းကိစ္စရပ်များအား ဘင်္ဂလားပင်လယ်အော် ဂေဟစနစ်ကြီးစီမံကိန်းမှ အကောင်အထည်ဖော်ဆောင်ရွက်ရမည်ဖြစ်ပါသည်။ အဆိုပါစွမ်းအားများနှင့် အထက်ဖော်ပြပါ လုပ်ငန်းခွင်ကြီး (၃)ခု ကို အောင်မြင်မှုများရရှိလာစေရန် အကောင်အထည်ဖေါ် ဆောင်ရွက်ရာတွင် များပြားလှသော အခက်အခဲများ၊ စိန်ခေါ်မှုများကိုလည်း ကြုံတွေ့ကြရမည်ဖြစ်ပါသည်။ ယခုဖော်ပြထားသော သတင်းအချက်အလက်များသည် (SAP) Strategic Action Programme နည်းဗျူဟာအစီအစဉ်ကို ဖွံ့ဖြိုးတိုးတက်မှုဖြစ်ပေါ်လာစေရန် ဆောင်ရွက်ရာတွင် ထည့်သွင်းဆောင်ရွက်ရမည့် အရေးပါသော အချက်အလက်များဖြစ်ပါသည်။

## ပင်လယ်ပြင်သယံဇာတများ ဖမ်းဆီးထုတ်လုပ်မှုလွန်ကဲခြင်း။

**အဓိကပြဿနာရပ်များ၊**

၁။ အလုံးစုံသော ငါးသယံဇာတများ၏ ထုတ်လုပ်မှု အခွင့်အလမ်းများ လျော့နည်းကျဆင်းနေခြင်း၊
၂။ ဖမ်းဆီးရမိသော ငါးအမျိုးအစားမျိုးစိတ်များ ပြောင်းလဲနေခြင်း၊
၃။ ဖမ်းဆီးရမိသော ငါးအထိအမိများထဲတွင် ငါးသားပေါက်များပါဝင်မှုနှုန်း များပြားနေခြင်း၊
၄။ အဏ္ဏဝါ ဇီဝမျိုးစုံမျိုးကွဲများအတွင်း ပြောင်းလဲမှုဖြစ်ပေါ်နေခြင်း၊ အထူးသဖြင့် ထိခိုက်ပျက်စီးလွယ်သော မျိုးစိတ်များ မျိုးသုဉ်းမည့် အခြေအနေရှိနေသောမျိုးစိတ်များ ဆုံးရှုံးလျော့ပါးမှုဖြစ်ပေါ်နေခြင်း၊

**သဘာဝတရားအရ နယ်နိမိတ်ဖြတ်ကျော်ဖြစ်ပွားသော အဓိကပြဿနာရပ်များ၊**

● ဘင်္ဂလားပင်လယ်အော် ဂေဟာစနစ်ကြီးစီမံကိန်း အဖွဲ့ဝင်နိုင်ငံများအတွင်း များစွာသောငါးအုပ်စုများကို ဝေမျှပြီးဖမ်းဆီးထုတ်လုပ်နေကြခြင်း၊ (သို့မဟုတ်) များစွာသော ငါးအုပ်စုများ၊ ငါးသားပေါက်များမှ နယ်နိမိတ်များကို ဖြတ်ကျော်ပြီး လှည့်လည် ကျက်စားလျှက်ရှိနေကြပါသည်။

● တရားဝင် / တရားမဝင် ငါးဖမ်းဆီးမှုလုပ်ငန်းများ ထပ်နေခြင်းကို နိုင်ငံအတွင်း တရားစီရင်ပိုင်ခွင့်ဖြင့် စီရင်ခြင်း၊ နေရာဒေသတစ်ခုစီတွင် ငါးဖမ်းဆီးနိုင်မှု ပမာဏကျော်လွန်နေခြင်းနှင့် ငါးဖမ်းဆီးထုတ်လုပ်မှုလွန်ကဲနေခြင်း၊ အခြားအရပ်ဒေသများသို့ ရေလုပ်သားများ နှင့် ငါးဖမ်းရေယာဉ်များအား အင်အားကိုအသုံးပြုပြီး ပြောင်းရွှေ့ခြင်း၊

● နိုင်ငံအားလုံးမှ (လျော့နည်းသော (သို့) ကြီးမားသော) အတွေ့အကြုံများ၊ အခက်အခဲများဖြင့် အထူးသဖြင့် ဂေဟာစနစ်ကြီး ထိခိုက်ပျက်စီးမှုမရှိစေသော ငါးလုပ်ငန်းစီမံ အုပ်ချုပ်မှုလုပ်ငန်းများကို ဆောင်ရွက်နေကြရခြင်း၊

● ဘင်္ဂလားပင်လယ်အော် ဂေဟာစနစ်ကြီးစီမံကိန်း အဖွဲ့ဝင်နိုင်ငံများသည် ကမ္ဘာကြီး၏ ပြဿနာရပ်များဖြစ်သော ထိခိုက်ပျက်စီးလွယ်သော မျိုးစိတ်များနှင့် မျိုးသုဉ်းမည့် အခြေအနေသို့ဆိုက်ရောက်နေသော မျိုးစိတ်များ ဆုံးရှုံးလျော့ပါးနေခြင်း ပြဿနာရပ်များအား ထူးခြားစွာဖြင့် ဝိုင်းဝန်းကူညီဆောင်ရွက်လျှက်ရှိနေခြင်း၊

**ပြဿနာရပ်များကိုဖြစ်ပေါ်စေသော အခြေခံဇစ်မြစ်များ၊**

● လွတ်လပ်စွာချဉ်းကပ်နိုင်သော စီမံအုပ်ချုပ်မှုနည်းစနစ်၊

● ငါးဖမ်းဆီးမှုလုပ်ငန်းဆိုင်ရာ ကျူးပမ်းမှုများ တိုးတက်များပြားလာခြင်း၊ အထူးသဖြင့် တရွတ်ဆွဲငါးဖမ်းရေယာဉ်များနှင့် ဝိုင်းချုပ်ပိုက်ငါးဖမ်းရေယာဉ်များ၊

● ငါးစားသုံးမှုတိုးတက်များပြားလာခြင်းကြောင့် ငါးသားပေါက်မွေးမြူထုတ်လုပ်မှုနှင့် ငါးမွေးရေးလုပ်ငန်းများအတွက် ငါးစာများလိုအပ်ချက်များပြားလာနေခြင်း၊

● ငါးလုပ်ငန်းဆိုင်ရာ အစဉ်စောင့်ကြပ်ကြည့်ရှုခြင်း၊ ထိန်းချုပ်ခြင်း၊ ထောက်လှမ်းခြင်း လုပ်ငန်းများအားနည်းလျှက်ရှိခြင်း၊

● ကျူးကျော်ဝင်ရောက်မှုများကို ရပ်တန့်စေပြီး အဆိုပါနယ်မြေဒေသများအား အခြေအနေကောင်းများ ပြန်လည်ဖြစ်ပေါ်လာစေနိုင်ရန်အတွက် တောင့်တင်းခိုင်မာသော ဆုကြေးစနစ်များ ကျင့်သုံးရန်လိုအပ်နေခြင်း၊

**အရေးပါသော ငါးနေငါးထိုင်ဒေသများ ယိုယွင်းပျက်စီးလျှက်ရှိနေခြင်း၊**
**အဓိကပြဿနာရပ်များ၊**

၁။ ဒီရေတောများ၏ အလေ့အထများ ယိုယွင်းပျက်စီးပြီး လျော့ပါးလျှက်ရှိနေခြင်း၊
၂။ သန္တာကျောက်တန်းများ ယိုယွင်းပျက်စီးလျှက်ရှိနေခြင်း၊
၃။ ပင်လယ်မြက်ခင်းပြင်များ ထိခိုက်ပျက်စီးပြီး လျော့ပါးလျှက်ရှိနေခြင်း၊

**သဘာဝသဘောတရားအရ နယ်နိမိတ်ဖြတ်ကျော်ဖြစ်ပွားသော အဓိကပြဿနာရပ်များ၊**

● အရေးပါသော ဓလေ့စရိုက်ကြီး (၃) ခုလုံးသည် ဘင်္ဂလားပင်လယ်အော်ဂေဟာစနစ်ကြီး အဖွဲ့ဝင်နိုင်ငံများအတွင်းတည်ရှိလျှက်ရှိနေပါသည်။

- ကမ်းရိုးတန်းဒေသ ဖွံ့ဖြိုးရေးတိုးတက်ရေးအတွက် မြေအသုံးပြုခြင်းကို ဆောင်ရွက်ကြသော အခြားလုပ်ငန်းများသည် ဘင်္ဂလားပင်လယ်အော်ဂေဟစနစ်ကြီး ဖွံ့ဖြိုးဆဲ အဖွဲ့ဝင်နိုင်ငံများအတွင်း ဘုံကိစ္စတစ်ရပ်အနေဖြင့် ဖြစ်ပေါ်လျက်ရှိနေပါသည်။

- ကုန်သွယ်ရန်နှင့် ရောင်းဝယ်ဖေါက်ကားရန်အတွက် ထုတ်လုပ်နေကြသော ထုတ်ကုန်များသည်လည်း သဘာဝ သဘော တရားအရ နယ်နိမိတ်ဖြတ်ကျော်ဖြစ်ပွားသော ပြဿနာများပင်ဖြစ်ပါသည်။

- ရာသီဥတုပြောင်းလဲဖြစ်ပေါ်နေခြင်း၏ ဆိုးကျိုးများအား ဘင်္ဂလားပင်လယ်အော်ဂေဟစနစ်ကြီး အဖွဲ့ဝင်နိုင်ငံများမှ မျှဝေခံစားနေကြရပါသည်။

**ပြဿနာရပ်များကိုဖြစ်ပေါ်စေသော အခြေခံဇစ်မြစ်များ၊**

- ကမ်းရိုးတန်းဒေသများတွင်နေထိုင်ကြသော ဆင်းရဲနွမ်းပါးသူများအတွက် အစားအစာဖူလုံမှုသည် အရေးကြီးပါသည်။
- နိုင်ငံအတွင်းနှင့် ပြည်နယ်နှင့်တိုင်းများအတွင်း ဖွံ့ဖြိုးမှုလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် စီမံကိန်းများ အားနည်းလျက်ရှိခြင်း၊
- သဘာဝဓလေ့ထွက်ကုန်များအပေါ် ကုန်သွယ်မှုလုပ်ငန်းများ တိုးတက်လျက်ရှိနေခြင်း (ပြည်တွင်းနှင့် ပြည်ပ)၊
- ကမ်းရိုးတန်းဒေသ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကိုဆောင်ရွက်လျက်ရှိခြင်း၊
- ထိရောက်မှုမရှိသော အဏ္ဏဝါထိန်းသိမ်းရေးနယ်မြေများနှင့် လိုအပ်မှုရှိနေသော တရားဥပဒေအရ အရေး.ယူဆောင်ရွက်မှုလုပ်ငန်းများ၊
- တစ်စိုက်မတ်မတ်လုပ်ငန်းများ ဆောင်ရွက်နေသော ရေဆန်အရပ်ဒေသရှိ စိုက်ပျိုးရေးလုပ်ငန်းများ၊
- တိုးပွားလာလျက်ရှိနေသော ကမ္ဘာလှည့်ခရီးသွားများ၊
- ရာသီဥတုပြောင်းလဲမှုများ ဖြစ်ပေါ်လျက်ရှိနေခြင်း၊

**ပတ်ဝန်းကျင်ညစ်ညမ်းမှုဖြစ်ပွားခြင်း၊**

**အဓိကပြဿနာရပ်များ၊**

၁။ မစင်နှင့် ဇီဝရုပ်အညစ်အကြေးများကို အခြေခံပြီး ရောဂါပိုးမွှားများပေါက်ပွားလာခြင်း၊
၂။ မကြေမပျက်စီးနိုင်သော အမှိုက်သရိုက်များနှင့် ကမ်းရိုးတန်းဒေသများရှိ အပျက်အစီးအပိုင်းအစများ၊
၃။ တိုးပွားစီးဝင်လျက်ရှိသော ဩဇာဓါတ်များ၊
၄။ ရေနံများယိုဖိတ်မှုမှ ညစ်ငြမ်းမှုဖြစ်ပွားခြင်း၊
၅။ ဇီဝညစ်ညမ်းမှုများနှင့် မကြေမပျက်နိုင်သော အဆိပ်အတောက်များ ဖြစ်ပွားခြင်း။
၆။ အနည်အနှစ်များကျဆင်းခြင်း၊
၇။ သတ္တုများအစိုင်အခဲများ၊

**သဘာဝသဘောတရားအရ နယ်နိမိတ်ဖြတ်ကျော်ဖြစ်ပွားသော အဓိကပြဿနာရပ်များ၊**

- သန့်စင်ထားခြင်းမရှိသော စွန့်ပစ္စည်းများ၊ တစ်စိတ်တပိုင်းသာသန့်စင်ထားသော စွန့်ပစ္စည်းများသည် ပုံမှန်ပြဿနာများအဖြစ်တည်ရှိနေခြင်း။ အမှိုက်များ၊ အညစ်အကြေးများ၊ စွန့်ပစ္စည်းများသည် ဂင်္ဂါမြစ်၊ ဗြဟ္မာပုတ္တရမြစ်၊ မဒီနာမြစ်များ၏ စီးဆင်းမှု များမှာ တဆင့်နယ်နိမိတ်ဖြတ်ကျော်သော ပြဿနာရပ်များဖြစ်ပါသည်။

- ပလပ်စတစ်ပစ္စည်းများနှင့် စွန့်ပစ်ထားသော ငါးဖမ်းပိုက်အပျက်များကို နိုင်ငံနယ်နိမိတ်များကျော်ဖြတ်ပြီး ဝေးကွာသော ခရီးဝေးသယ်ဆောင်ရမည်ဖြစ်ပါသည်။

●မြစ်များမှ သယ်ဆောင်စီးဆင်းလာသော များပြားလှသော ဩဇာဓါတ်ပစ္စည်းများမှ ပြင်းထန်သော အချိုးအစားများဖြစ်သည့် Hypoxia နှင့် လေထုအတွင်းမှ သယ်ဆောင်လာသော ဩဇာဓါတ်ပစ္စည်းများသည်လည်း နယ်နိမိတ်ကျော်ဖြတ်ဖြစ်ပွားသော ပြဿနာရပ်များဖြစ်ပါသည်။

●အမျိုးမျိုးကွဲပြားသော နိုင်ငံခြားကုန်သင်္ဘောများမှ စွန့်ပစ်ထားခဲ့သောပစ္စည်းများ၊ ကတ္တရာအလုံးလေးများသည်လည်း နယ်နိမိတ်ကျော်ဖြတ်ဖြစ်ပွားသော ပြဿနာရပ်များဖြစ်ကြပြီး ယင်းကိစ္စရပ်များအတွက် နိုင်ငံများမှ တရားဥပဒေများဖြင့် အရေးယူဆောင်ရွက်ရန်လိုအပ်ပါသည်။

●POPs / PTSs, Mercury များနှင့် Organomercury များသည်လည်း ခရီးဝေးသို့ သယ်ဆောင်ပြီးရောက်ရှိနိုင်ကြပါသည်။

●အနည်အနှစ်များနှင့် ညစ်ငြမ်းနေသော များလှစွာသော သတ္တုအစိုင်အခဲ ပမာဏများသည် မိမိတို့နိုင်ငံ၏ဒေသအတွင်းမှ နယ်နိမိတ်များကိုကျော်ဖြတ်ပြီး ညစ်ညမ်းမှုများကို ဖြစ်ပေါ်စေပါသည်။

## ပြဿနာရပ်များကိုဖြစ်ပေါ်စေသော အခြေခံဇစ်မြစ်များ၊

●ကမ်းရိုးတန်းဒေသများရှိ မြို့ကြီးများတွင် လူဦးရေတိုးတက်မှုနှင့် ထုထပ်မှုများသည် တိုးပွားဖြစ်ပေါ်လျှက်ရှိနေပါခြင်း၊

●လူတစ်ဦးချင်းစီ၏ စားသုံးမှု ပမာဏနှုန်းတိုးတက်မြင့်မားလျှက်ရှိနေခြင်း၊

●စက်မှုလုပ်ငန်းများသည် ဘင်္ဂလားပင်လယ်အော်ဂေဟစနစ်ကြီး အဖွဲ့ဝင်နိုင်ငံများအတွင်းသို့ ပြောင်းရွှေ့လျှက်ရှိနေခြင်းနှင့် အငယ်စားစက်မှုလုပ်ငန်းများသည်လည်း ပွားများလျှက်ရှိနေခြင်း၊

●GDP တိုးတက်မှုနှုန်းနှေးကွေးလျှက်ရှိနေခြင်း၊